| (ဂ) | အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးစီးဗိုလ်မှူးကြီး<br>စစ်ထောက်ချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) | အဖွဲ့ဝင် |
| (င) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>အမျိုးသားစီမံကိန်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပစ္စည်းထိန်းဌာနခွဲ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(ဇ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စက်ပစ္စည်းကိရိယာမှတ်တမ်းဌာနခွဲ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
စစ်ဆေးရေးဌာနခွဲ
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန

၂။ **နိုင်ငံပိုင် ယာဉ်၊ ယန္တရားများ ခွဲဝေထုတ်ပေးရေးအဖွဲ့** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနများမှ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယန္တရားများ တောင်းခံလာပါက တောင်းခံသည့်ဌာန၏ ဖွဲ့စည်းပုံ၊ ခွင့်ပြုဝန်ထမ်းအင်အားစာရင်း၊ ခန့်အပ်ပြီး ဝန်ထမ်းအင်အားစာရင်း၊ ဌာနပိုင်မော်တော်ယာဉ်စာရင်းနှင့် ဖြန့်ခွဲအသုံးပြုမှုစာရင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယန္တရားများ၏ ရှေးဦးပြန်တမ်းရေးသွင်းထားသည့် စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(ခ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနများမှ တောင်းခံလာသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယန္တရားများသည် အမှန်တကယ် လိုအပ်မှု ရှိ မရှိ၊ ဌာနတွင် ၎င်းတို့တောင်းခံသည့် ယာဉ်အမျိုးအစား၊ ခွဲဝေပေးနိုင်မှု ရှိ မရှိ၊ ခွဲဝေထုတ်ပေးနိုင်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယန္တရား ယာဉ်စီးရေများအပေါ် မူတည်၍ အချိုးကျမျှတစွာ ခွဲဝေထုတ်ပေးနိုင်ရေးအဖွဲ့ဖြင့် စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနများရှိ ထုတ်လုပ်သည့် ခုနှစ်အလိုက်ရှိနေသည့် ယာဉ်အို၊ ယာဉ်ဟောင်းများကို ဘဏ္ဍာသိမ်းယာဉ်များ ရရှိမှုအပေါ် မူတည်၍ အချိုးကျခွဲဝေပေးခြင်း၊

(ဃ) မော်တော်ယာဉ်လိုအပ်ချက်များရှိ၍ တင်ပြတောင်းခံလာသောဌာနများကို ခွဲဝေပေးလျှင် Model နိမ့် ယာဉ်အို၊ ယာဉ်ဟောင်းများဖြင့် လဲလှယ်ထုတ်ပေးနိုင်ရေး ဦးစားပေးစဉ်းစားခြင်း၊

(င) နိုင်ငံပိုင် ယာဉ်၊ ယန္တရားများခွဲဝေထုတ်ပေးရေးအဖွဲ့မှ ခွဲဝေထုတ်ပေးရန် လျာထားမှုကို ပြည်ထောင်စုဝန်ကြီး ထံသို့ တင်ပြခွင့်ပြုချက်ရယူ၍ သက်ဆိုင်ရာဌာနများသို့ ခွဲဝေခြင်း၊

(စ) အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက တင်ပြလာသည့် နိုင်ငံပိုင်ဘဏ္ဍာသိမ်း ယာဉ်/ ယန္တရားများမှ ပြုပြင်သုံးစွဲရန် မသင့် (သံရည်ကျို) အဆင့် ယာဉ်/ ယန္တရား များကို စိစစ်တင်ပြခြင်း၊

(ဆ) ယာဉ်ခွဲဝေထုတ်ပေးမှုနှင့် သံရည်ကျိုအဆင့် နိုင်ငံပိုင်ယာဉ်များ သံရည်ကျိုဖျက်ဆီးရန် စိစစ်မှုကို အနည်းဆုံး တစ်လတစ်ကြိမ် ဆောင်ရွက်ခြင်း။

၃။ **နိုင်ငံပိုင် ယာဉ်၊ ယန္တရားများခွဲဝေထုတ်ပေးရေးအဖွဲ့** ၏ ယာဉ်ခွဲဝေရေးနှင့် နိုင်ငံပိုင်ပြုပြင်သုံးစွဲရန်မသင့် သံရည်ကျိုအဆင့်ယာဉ်များ သံရည်ကျိုဖျက်ဆီးနိုင်ရေးအတွက် ရုံးလုပ်ငန်းများကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၄။ ယခင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ညိုစော
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၉၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

၁။ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံး၍ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အတွင်းရေးမှူး |

၂။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

ဒေါက်တာ ကံဇော်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၄၇/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

ဆိုးလ်မြို့၊ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးသန့်စင် အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၄၈/၂၀၂၅)**

သံတမန်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦး အား မြန်မာသံရုံး၊ အော်တာဝါမြို့သို့ သံရုံးယာယီတာဝန်ခံ/ သံအမတ်ကြီး အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၄၉/၂၀၂၅)**

ကတ္တမန္ဒူးမြို့၊ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးမျိုးမြင့်မောင် အား မြန်မာသံရုံး၊ ဆိုးလ်မြို့သို့ သံရုံး ယာယီတာဝန်ခံ/ သံအမတ်ကြီး အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၅၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွှန့်ဦး အား မြန်မာသံရုံး၊ ပါရီမြို့သို့ သံရုံးယာယီတာဝန်ခံ/ သံအမတ်ကြီး အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

သန်းဆွေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာ (၈၀၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောအနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၄၉၆ဃ/ ကျိုက်စကောကွင်း)၊ ဦးပိုင်အမှတ် (ခ/၁၀/၃) ရှိ **မြေဧရိယာ ၁.၈၅ ဧက** အား **ဆန်စက်၊ ဆန်စပါးအခြောက်ခံစက်နှင့် ဆန်စပါးသိုလှောင်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၈၄၃,၆၀၀/- နှုန်းဖြင့် ဦးခင်သန်း [၇/ ဒဥန (နိုင်) ၀၃၁၈၂၅] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၈၀၆/၂၀၂၅)**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၊ မြေနဲကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် [၇၀၆/ မြေနဲ (န)]၊ ဦးပိုင်အမှတ် (၃၇၆/၂၊ ၃၈၂) ရှိ **မြေဧရိယာ ၀.၉၈ ဧက** အား **ကုမ္ပဏီပိုင် စက်ယန္တရားများပြုပြင်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂၃၅,၂၀၀/- နှုန်းဖြင့် ဒေါ်စိုးနန္ဒာဦး [၁၂/ လမန (နိုင်) ၁၃၅၈၅၇] **သီဟမင်းဆွေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့် ပြုသည်။

**အမိန့်ကြော်ငြာစာ (၈၀၇/၂၀၂၅)**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ သကံဝကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၇၀၄/ သကံဝကွင်း)၊ ဦးပိုင်အမှတ် (၄) ရှိ **မြေဧရိယာ ၃.၁၁ ဧက** အား **ဆန်စက်လုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၂,၂၃၉,၂၀၀/- နှုန်းဖြင့် ဒေါ်မော်မော်တင့် [၁၂/ လမန (နိုင်) ၀၀၂၄၁၁] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွား မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၈၀၈/၂၀၂၅)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၂၆၃/ ဘုရားဆိုး)၊ ဦးပိုင်အမှတ် (၁၅/၂/၁) ရှိ မြေဧရိယာ ၃.၅၇ ဧက၊ ဦးပိုင်အမှတ် (၁၁၂/၃/၁) ရှိ မြေဧရိယာ ၄.၂၀ ဧက **စုစုပေါင်းမြေဧရိယာ ၇.၇၇ ဧက** အား **မြို့ရေပေးဝေရေးလုပ်ငန်း** မြေနေရာအဖြစ်အသုံးပြုရန် အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၄,၁၉၅,၈၀၀/- နှုန်းဖြင့် **မြိတ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်** သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွား မြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၀၉/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (–) ရှိ **မြေဧရိယာ ၁၇၃.၀၀ ဧက** အား **ဘိလပ်မြေစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၆,၂၂၈,၀၀၀/– ရှုန်းဖြင့် **Blue Diamond Cement Co.,Ltd** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၈ (၁)အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၁၀/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (ကြေးတိုင်ပြင်)၊ ဦးပိုင်အမှတ် (–) ရှိ **မြေဧရိယာ ၁၅၁.၂၈ ဧက** အား **ဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၅,၄၄၆,၀၈၀/– ရှုန်းဖြင့် **Blue Diamond Cement Co.,Ltd** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၈ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၈၁၁/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမ္မတောကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၅၄၃/ အောင်ပင်လယ်မြောက်ကန်တွင်း)၊ ဦးပိုင်အမှတ် (၁၁) ရှိ **မြေဧရိယာ ၃.၀၀ ဧက** အနက်မှ **မြေဧရိယာ ၂.၀၀ ဧက** အား **ကိုယ်ပိုင်အထက်တန်းကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၂၀၀,၀၀၀/– ရှုန်းဖြင့် ဦးစိုးမင်းအောင် [၉/ မရတ (နိုင်) ၀၇၁၉၀၁] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၈၈၃/ တမ–၂/ ၁၂၉/ ၂/၂၀၂၅ အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၃) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) အဆင့်ရာထူးများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်သည့် ရာထူး |
|---|---|---|
| (က) | ဦးကီးဟုန်း<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |
| ( ခ ) | ဦးသန်းရွှေ<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်သည့် ရာထူး |
|---|---|---|
| ( ၈ ) | ဦးစောနွံ့အေးကျော်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ |

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

**အမိန့်အမှတ် (၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

**ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များ ရုပ်သိမ်းခြင်း**

၁။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။

၂။ သို့ပါ၍ စာရေးသူ **ဂမ္ဘီရစိန္တာမယ ဆရာနန်းအောင်လှိုင်** ရေးသားသည့် **ကဝေကိုးမှော် စူဠဂန္ဓာရီ ပညာကျမ်း** စာအုပ်ပါ ရေးသားချက်များသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) ပါ ''တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့်အကြောင်းအရာများကို ဖော်ပြခြင်း'' စည်းကမ်းချက်ကို ဖောက်ဖျက်၍ ပုံနှိပ်ဆောင်ရွက်ခဲ့သည့် ပုံနှိပ်သူ ဦးအေးသောင်း (အောင်ပညာမြင့်ပုံနှိပ်တိုက်-၀၁၅၀၈) ၏ ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်နှင့် ထုတ်ဝေဖြန့်ချိခဲ့သည့် ထုတ်ဝေသူ ဦးအောင်စိုး (တစ်ထိပ်တန်းစာပေ-၀၀၁၉၈) ၏ ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်တို့ကို ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၆ အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်သည်။

၃။ ယင်းပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းတို့သည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းနှင့် ထုတ်ဝေဖြန့်ချိဆောင်ရွက်ခြင်းမပြုရန် ကြေညာလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၂၅) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ

အောက်ဖော်ပြပါ အမှုထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးနိုင်လင်းဦး<br>ဦးစီးမှူး (တီးဝိုင်း)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အငြိမ့်အဖွဲ့ဌာနစု (နေပြည်တော်)<br>ထုတ်လုပ်ဌာနခွဲ၊ အနုပညာဦးစီးဌာန | ဦးစီးအရာရှိ (တီးဝိုင်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နိုင်ငံတော်ဆိုင်းနှင့် တီးဝိုင်းဌာနစု<br>လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲ<br>အနုပညာဦးစီးဌာန |
| (ခ) | ဒေါ်ရင်ရင်မေ<br>ဦးစီးမှူး (ကွန်ပျူတာ) (သင်တန်း)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>သင်တန်းရေးရာဌာနစု<br>သင်တန်းရေးရာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | လက်ထောက်မော်ကွန်းထိန်း<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သင်တန်းရေးရာဌာနစု<br>သင်တန်းရေးရာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| (ဂ) | ဒေါ်ခင်မာလေး<br>စာကြည့်တိုက်လက်ထောက် (၁)<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>စာကြည့်တိုက်၊ သင်တန်းရေးရာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | ဦးစီးအရာရှိ (စာကြည့်တိုက်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စာကြည့်တိုက်၊ သင်တန်းရေးရာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| (ဃ) | ဒေါ်ရွှေရွှေခိုင်<br>နည်းပြ (ဂီတ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက (ဂီတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| (င) | ဦးရဲလင်းအောင်<br>နည်းပြ (ဂီတ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက (ဂီတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| (စ) | ဒေါ်ခင်ချမ်းငြိမ်း<br>နည်းပြ (ဂီတ)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက (ဂီတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဂီတပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (ဆ) | ဦးသန်းထွန်းလင်း<br>နည်းပြ (သဘင်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>သဘင်ပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက (သဘင်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သဘင်ပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |
| (ဇ) | ဦးကျော်စွာဝင်း<br>နည်းပြ (သဘင်)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>သဘင်ပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက (သဘင်)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သဘင်ပညာဌာန၊ အနုပညာဌာနခွဲ<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ<br>တက္ကသိုလ် (ရန်ကုန်) |

တင်ဦးလွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၇၈/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

### ရာထူးတိုးမြှင့်ခန့်ထားခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စီမံကိန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ အေမီစိုး အား ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၈၂/၂၀၂၅)

### ဒေသပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးတို့အား အမည်နှင့်ယှဉ်တွဲပါဒေသများသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်-

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်၊ ဒေသ | ပြောင်းရွှေ့တာဝန်၊ ဒေသ |
|---|---|---|---|
| ၁။ | ဦးဆန်းအောင်<br>ညွှန်ကြားရေးမှူး | မန္တလေးတိုင်းဒေသကြီး<br>ဦးစီးဌာနမှူးရုံး<br>မန္တလေးမြို့ | ဧရာဝတီတိုင်းဒေသကြီး<br>ဦးစီးဌာနမှူးရုံး<br>ပုသိမ်မြို့ |

| စဉ် | အမည်၊ ရာထူး | လက်ရှိတာဝန်၊ ဒေသ | ပြောင်းရွှေ့တာဝန်၊ ဒေသ |
|---|---|---|---|
| ၂။ | ဦးလှထွန်း<br>ညွှန်ကြားရေးမှူး | ဧရာဝတီတိုင်းဒေသကြီး<br>ဦးစီးဌာနမှူးရုံး<br>ပုသိမ်မြို့ | မန္တလေးတိုင်းဒေသကြီး<br>ဦးစီးဌာနမှူးရုံး<br>မန္တလေးမြို့ |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၈၅/၂၀၂၅)

### ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဒေါက်တာ ပပဝင်း အား ဒုတိယညွှန်ကြားရေးမှူးချုပ် (သီးနှံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၈၆/၂၀၂၅)

### ရာထူးတိုးမြှင့်ခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါ်သက်သက်ဦး အား ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၈၈/၂၀၂၅)

### ရာထူးတိုးမြှင့်တာဝန်ပေးအပ်ခြင်း

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ မင်းဘူးမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ (၁) မှ ဒုတိယညွှန်ကြားရေးမှူး (လျှပ်စစ်)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်ဆန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူး (လျှပ်စစ်)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ အမှန်တကယ် စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်း၊ ၉/ ရမသ (နိုင်) ၀၈၁၆၄၇ အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ချစ်ဆွေ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

အမှတ် ၁၉၄။ ကျန်းမာရေးဝန်ကြီးဌာန၏ ၆-၈-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅/ ၃၆၃၉၃ အရ ဆေးတက္ကသိုလ် (မကွေး)၊ ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ/ ဌာနမှူး၊ ပါမောက္ခဒေါက်တာ ခင်လေးချို (ဆမ-၁၁၉၃၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀-၁၂-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀-၄-၂၀၂၆ ရက်နေ့နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က)တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

အမှတ် ၁၉၅။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၂၅/၃၇၀၉၃ အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ အရေပြားရောဂါပညာဌာနမှ ပါမောက္ခ/ ဌာနမှူး၊ ပါမောက္ခ ဒေါက်တာ ခိုင်ခိုင်ဇော် (ဆမ-၁၁၉၀၃) အား အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၉/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ လုပ်ငန်းများအကောင်အထည်ဖော်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဈ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီသည် ဝန်ကြီးရုံးအပါအဝင် ကြီးကြပ်မှုအောက်ရှိ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပါတာဝန်နှင့် လုပ်ပိုင်ခွင့်များအား နိုင်ငံတော်အကြီးအကဲ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) မြန်မာနိုင်ငံကိုကမ္ဘာ့ခရီးသွားလုပ်ငန်း၏ခရီးစဉ်ဒေသတစ်ခုအဖြစ်ပေါ်ထွက်စေရေးအတွက်ထိရောက်သော ပြည်တွင်းပြည်ပဈေးကွက်မြှင့်တင်မှုများ ဆောင်ရွက်ရာတွင် ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ခရီးသွားလုပ်ငန်းကို အခြေပြု၍ ဆက်စပ်စီးပွားရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံများ၏ လူမှုစီးပွားဘဝများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်၊

(ဂ) အထက်ဌာန အဖွဲ့အစည်းများ၏ ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်နိုင်ရေး အတည်ပြုရယူဆောင်ရွက်သွားရန်၊

(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်သွားရန်၊

(င) ဝန်ကြီးရုံး၊ ဦးစီးဌာနတို့တွင် ဝန်ထမ်းများ ခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်း စသည့်ကိစ္စရပ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်အသီးသီးမှ သင်တန်းသားဆုရရှိခြင်းကိစ္စ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ် များနှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာ လုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) နိုင်ငံတော်ဘဏ္ဍာငွေအရ/ အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနဘတ်ဂျက်မှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ ပြည်တွင်း) ဝယ်ယူခြင်းကိစ္စများအား ဈေးနှုန်းများစိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးမှန်းခြေငွေစာရင်းခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရေးကြပ်မတ်ရန်၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ် အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(ဇ) ဝန်ကြီးဌာနပိုင် မြေ၊ အဆောက်အဦ၊ အိမ်ရာများငှားရမ်းခြင်း၊ လွှဲပြောင်းပေးခြင်း၊ လေလံတင် ထုခွဲ ရောင်းချခြင်း ကိစ္စရပ်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် အညီ ကြပ်မတ်ဆောင်ရွက်ရန်၊

(ဈ) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ နိုင်ငံခြားငွေသုံးစွဲမှုနှင့် အကျုံးဝင်သော ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေးကိစ္စရပ်များကို ကော်မတီသို့ တင်ပြစေ၍ ကော်မတီမှ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး စိစစ်ကြပ်မတ်ရန်၊

(ည) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်း ကိစ္စရပ်များကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်။

၃။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၅ ဖြင့် ဖွဲ့စည်းခဲ့သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုး ပယ်ဖျက်လိုက်သည်။

Jeng Phang နော်တောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

## ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ လုပ်ငန်းများ အကောင်အထည်ဖော်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စရပ်များတွင် လုပ်ငန်း

စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန်နှင့် လုပ်ငန်းများအချိန်မီပြီးစီးရေး ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးစိုးမင်းဦး — ဥက္ကဋ္ဌ
ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ခ) ဦးဆန်းမြင့် — ဒုတိယဥက္ကဋ္ဌ
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဂ) ဒေါ်ခင်မျိုးမြင့် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဃ) ဦးရဲနိုင် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(င) ဦးစိုးတင့် — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(စ) ဦးကျော်မျိုးထွန်း — အဖွဲ့ဝင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဆ) ဦးကျော်စိုး — အဖွဲ့ဝင်
ပါမောက္ခချုပ်
နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)

(ဇ) ဦးကျော်ထွေး — အဖွဲ့ဝင်
ပါမောက္ခချုပ်
နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)

(ဈ) ဦးလှအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဝန်ထမ်းရေးရာဦးစီးဌာန

(ည) ဦးအောင်တင်စိုး — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဋ) ဦးမြင့်ဆွေ — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ဥက္ကဋ္ဌရုံးအဖွဲ့

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီသည် ဥက္ကဋ္ဌရုံးအဖွဲ့အပါအဝင် ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန (၂) ခုနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (၂) ခုတို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအား နိုင်ငံတော်အကြီးအကဲ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းစသည့်ကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် သက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဦးစီးဌာန၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း/လျှော့ချခြင်း၊ အမည်ပြင်ဆင်ပြောင်းလဲခြင်းကိစ္စရပ်များအား စိစစ်ကြပ်မတ်ရန်၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံ့ဝန်ထမ်းအရာထမ်းများ ပြောင်းရွှေ့ရေးကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း၊ သုတေသနပြုခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အထောက်အပံ့ပေးခြင်းနှင့် အကြံပြုတင်ပြခြင်း ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန်၊

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်စပ်လျဉ်း၍ နိုင်ငံတော်လျှို့ဝှက်ချက်များပေါက်ကြားမှုမရှိစေရန် ထိန်းသိမ်း ဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Myanmar Sustainable Development Plan–MSDP)၊ ပြည်ထောင်စုအရအသုံးဆိုင်ရာဥပဒေနှင့် ပြည်ထောင်စုစီမံကိန်းဥပဒေတို့နှင့်အညီ နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် စီမံကိန်းများအရ ဘဏ္ဍာငွေမှ သုံးစွဲဆောင်ရွက် ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ဌာနပိုင် ပစ္စည်းစာရင်းမှ ပယ်ဖျက်ခြင်း၊ ထုခွဲရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်လုပ်ထုံး လုပ်နည်းနှင့် ညီညွတ်မှုရှိစေရေး ကြပ်မတ်ရန်၊

(ဆ) ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များ၏ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းလျာထားခြင်းကိစ္စရပ်များ ဘဏ္ဍာငွေခွင့်ပြုမှုအပေါ် ငွေကြေးသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များကို ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရေး၊ ဘဏ္ဍာရေးနှစ်အတွင်း လအလိုက်လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ် ဆောင်ရွက်ရန်၊

(ဇ) ဒေသတွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရသောကိစ္စရပ်များ၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းကိစ္စရပ်များ၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေး၊ သာသနာရေးကိစ္စရပ်များဆောင်ရွက်ရန်၊

(ဈ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများနှင့် အထက်ဌာနများ၏ ညွှန်ကြားချက်များအရ ဆောင်ရွက် ရမည့်လုပ်ငန်းတာဝန်များ၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ရန်၊

(ည) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အကောင်အထည်ဖော်မည့်ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ အထောက်အကူပြုရေး လိုအပ်သည့်အစီအမံများ ရေးဆွဲညှိနှိုင်း ဆောင်ရွက်ရန်၊

(ဋ) e-Government နှင့် ERICSS စနစ်များ အောင်မြင်အောင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်။

၃။ ဤအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၂၅ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၈/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဌာနမှ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးသိန်းဦး အား ယင်းပညာဌာနတွင် လစ်လပ် လျက်ရှိသော ပါမောက္ခ (ပညာဌာနမှူး) ရာထူးသို့ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှစ၍ တိုးမြှင့် တာဝန်ပေးအပ်လိုက်သည်။

စိုးမင်းဦး
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၉/၂၀၂၅ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မိုးမိုးကြည် ကို ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁၄ ရက်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မွန်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/ ၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၈ ရက်)

**မွန်ပြည်နယ်အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၇ ရက်စွဲပါ အမိန့်အမှတ် ၂၄/၂၀၂၅ ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများအား ခန့်အပ်တာဝန်ပေးအပ်သဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်ကြည်သိန်း | | ပြည်နယ်ဝန်ကြီးချုပ် |
| (ခ) | ကြည်း ၂၆၇၂၉ ဗိုလ်မှူးကြီး ကျော်စွာမြင့် | | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး |
| (ဂ) | နိုင်လယိတမ (ခ) နိုင်ခင်မောင်ဇင် | | စီးပွားရေးရာဝန်ကြီး |
| (ဃ) | ဒေါက်တာ အောင်မြတ်ကျော်စိန် | | သယံဇာတရေးရာဝန်ကြီး |
| (င) | ဦးတင်ဇော်ထွန်း | | လူမှုရေးရာဝန်ကြီး |
| (စ) | ဦးတင်စန်းနိုင် | | လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| (ဆ) | ဦးခင်မောင်ဦး | | တိုင်းရင်းသားရေးရာဝန်ကြီး |
| (ဇ) | ဦးမြင့်အောင် | | ပြည်နယ်ဥပဒေချုပ် |
| (ဈ) | ဦးဉာဏ်လင်းထွေး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အတွင်းရေးမှူး |

၂။ မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၅ ခုနှစ်၊ သြဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၅ အား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်ကြည်သိန်း

ပြည်နယ်ဝန်ကြီးချုပ်

မွန်ပြည်နယ်အစိုးရအဖွဲ့

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)

အမှတ် ၁၇၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

| | | |
|---|---|---|
| အေးသူ | ကြည်း | ၈၁၄၈၈ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

### သစ်တောဦးစီးဌာန
### အမိန့်ကြော်ငြာစာအမှတ် (၅၃၂/ ၂၀၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

**အခြားဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနတွင်းဝန်ထမ်းများသို့ ရောင်းချရန်နှင့် လေလံတင်ရောင်းချမည့် ဘဏ္ဍာသိမ်းပုံစံ (၈) သစ်များ၏ ကြမ်းခင်းဈေးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၅/ ၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ **ဘဏ္ဍာသိမ်းပုံစံ (၈) သစ်များကို အခြားဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနတွင်းဝန်ထမ်းများသို့ ရောင်းဈေးနှုန်း၊**

**လေလံသတ်မှတ် ကြမ်းခင်းဈေးနှုန်းများအား** အောက်ပါအတိုင်း အသစ်ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမျိုးအစား | ရေတွက်ပုံ | အခြားဌာနများ/တပ်ရင်းတပ်ဖွဲ့များ/ ဌာနတွင်း ဝန်ထမ်းများသို့ ရောင်းချမည့် ဈေးနှုန်းနှင့် လေလံကြမ်းခင်းဈေးနှုန်း (ကျပ်) |
|---|---|---|---|
| ၁ | (က) ကျွန်းသစ်လုံး | တန် | ၆၀၀,၀၀၀ |
| | (ခ) ကျွန်းခွဲသား | တန် | ၁,၂၀၀,၀၀၀ |
| ၂ | **သစ်မာအုပ်စု (၁) လုံး** | | |
| | (က) ပိတောက်/တမလန်း | တန် | ၆၀၀,၀၀၀ |
| | (ခ) ပိတောက်/တမလန်းမှအပ | တန် | ၄၈၀,၀၀၀ |
| | **သစ်မာအုပ်စု (၁) ခွဲသား** | | |
| | (က) ပိတောက်/တမလန်း | တန် | ၁,၂၀၀,၀၀၀ |
| | (ခ) ပိတောက်/တမလန်းမှအပ | တန် | ၉၆၀,၀၀၀ |
| ၃ | သစ်မာအုပ်စု (၂) သစ်လုံး | တန် | ၁၉၀,၀၀၀ |
| | သစ်မာအုပ်စု (၂) ခွဲသား | တန် | ၃၈၁,၀၀၀ |
| ၄ | သစ်မာအုပ်စု (၃၊ ၄၊ ၅) သစ်လုံး | တန် | ၁၂၀,၀၀၀ |
| | သစ်မာအုပ်စု (၃၊ ၄၊ ၅) ခွဲသား | တန် | ၂၄၀,၀၀၀ |
| ၅ | ကျွန်းတိုင် | လုံး | ၇,၅၀၀ |
| ၆ | သစ်မာတိုင် | လုံး | ၆,၀၀၀ |
| ၇ | ကျွန်း/သစ်မာမျော | လုံး | ၇၀၀ |

၂။ အပိုဒ် (၁)ပါ ပြင်ဆင်သတ်မှတ်သည့် ကြမ်းခင်းဈေးနှုန်းများအတိုင်း **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစတင်၍** ကောက်ခံရမည်ဖြစ်ပါသည်။

၃။ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်စွဲပါ စာအမှတ်၊ လင/အခ/၀၀၇၈(၁၇၁၇/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၂၁၁/၂၀၂၄ အရ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲအပ်သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်း၊ အပြောင်းရှင်းသစ်ထုတ်လုပ်မှုမှ ထွက်ရှိသော သစ်များ၊ ပုံစံ(၈)သစ်များကို မြန်မာ့သစ်လုပ်ငန်းသို့ လွှဲအပ်သည့် ကြမ်းခင်းဈေးနှုန်းများအတိုင်း ကောက်ခံသွားရန်ဖြစ်ပါသည်။

ဒေါက်တာ သောင်းနိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက် (၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**Cosmic Business Group Company Limited**

လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇ အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

ကုမ္ပဏီ၏ အစုရှယ်ယာရှင်များမှ ကျင်းပပြုလုပ်သော အထွေထွေအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ **Cosmic Business Group Company Limited** အား (၉-၁၀-၂၀၂၅) ရက်နေ့မှစတင်၍ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု (B.Com, Q, CPA, ACPA) အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၀-၁၁-၂၀၂၅) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| အေးအေးမွန် | ခင်စောယု |
| မန်နေးဂျင်းဒါရိုက်တာ | B.Com, Q, CPA, ACPA |
| Cosmic Business Group Company Limited | Cosmic Business Group Company Limited |
| ၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |